## မာတိကာ


– အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၏ အမှာစာ ၈
၁။ ပညာမင်းကြီး ဦးကောင်း (၁၉၀၄-၁၉၅၇) ၉
၂။ ဒုတိယဝန်ကြီးချုပ်ဟောင်းဦးကျော်ငြိမ်း (၁၉၁၃-၁၉၈၆) ၁၃
၃။ အိုင်စီအက်စ် ဦးကျော်မင်း (၁၈၉၉-၁၉၈၅) ၁၉
၄။ စာရေးဆရာမ ဒေါ်ခင်မျိုးချစ် (၁၉၁၅-၁၉၉၉) ၂၃
၅။ ဂျီစီဘီအေသမ္မတ(ဥက္ကဋ္ဌ) ဦးချစ်လှိုင် (၁၈၇၉-၁၉၅၂) ၂၇
၆။ အိုင်စီအက်စ် ဦးချမ်းသာ (၁၉၁၀-၁၉၉၀) ၃၃
၇။ နန်းရင်းဝန်ဟောင်း ဂဠုန်ဦးစော (၁၉၀၀-၁၉၄၈) ၃၇
၈။ သက်ကြီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးစံရွှေ
(၁၈၈၂-၁၉၇၂) ၄၃
၉။ စာရေးဆရာမ စိန်စိန် (၁၉၂၈-၁၉၇၂) ၄၇
၁၀။ ပဲခူး ဦးဆန်နီ (၁၈၉၈-၁၉၅၆) ၅၁
၁၁။ ဗြိတိသျှအားမား ဦးညွန့် (၁၈၈၆-၁၉၅၆) ၅၅
၁၂။ မြန်မာ့အလင်း ဦးတင် (၁၈၉၇-၁၉၇၈) ၅၉
၁၃။ ယောဂီ ဦးတင် (၁၈၉၇-၁၉၇၅) ၆၃
၁၄။ အိုင်စီအက်စ် ဦးတင်ထွဋ် (၁၈၉၅-၁၉၄၈) ၆၇
၁၅။ ပါမောက္ခချုပ် ဒေါက်တာထင်အောင် (၁၉၀၉-၁၉၇၈) ၇၁
၁၆။ လင်းဓေး ဦးထွန်းမြင့် (၁၉၀၃-၁၉၇၆) ၇၅
၁၇။ ဒယ်လီဂိတ် ဦးထွန်းရှိန် (၁၈၉၀-၁၉၂၀) ၇၉
၁၈။ တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်ထွန်းအုပ်
(၁၉၀၇-၁၉၇၀) ၈၃
၁၉။ ကဘိုးကျော့နပ်သုဓွေး ဦးနာအောက် (၁၈၃၂-၁၉၁၃) ၈၈
၂၀။ နန်းရင်းဝန်ဟောင်း ဦးပု (၁၈၈၁-၁၉၇၅) ၉၂
၂၁။ တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်
(၁၈၈၈-၁၉၇၃) ၉၆
၂၂။ ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ (၁၉၁၅-၁၉၈၇) ၁၀၀





၂၃။ အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို
(၁၈၉၃-၁၉၄၇) ၁၀၅
၂၄။ နိုင်ငံရေးသမားကြီး ဘကြီးဘဘော (၁၈၈၃-၁၉၇၁) ၁၁၁
၂၅။ အဓိပတိ ဒေါက်တာဘမော် (၁၈၉၃-၁၉၇၇) ၁၁၆
၂၆။ မြို့မဆရာကြီး ဦးဘလွင် (၁၈၉၂-၁၉၆၈) ၁၂၁
၂၇။ တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်ဘသောင်း
(၁၉၀၁-၁၉၈၁) ၁၂၅
၂၈။ ဥပဒေပါမောက္ခ ဒေါက်တာဘဟန် (၁၈၉၀-၁၉၆၉) ၁၂၉
၂၉။ နိုင်ငံတော်သမ္မတ ဒေါက်တာဘဦး (၁၈၈၇-၁၉၆၃) ၁၃၃
၃၀။ ပွဲစားကြီး ဆာဘိုးသာ (၁၈၅၇-၁၉၃၃) ၁၃၇
၃၁။ ပြည်ထဲရေးဝန်ကြီးချုပ် ဦးမေအောင် (၁၈၈၀-၁၉၂၆) ၁၄၂
၃၂။ ရဲတပ်ဗိုလ်ချုပ် ဆာမောင်ကြီး (၁၈၈၆-၁၉၇၁) ၁၄၅
၃၃။ ခေတ္တဘုရင်ခံ ဆာ ဂျေအေမောင်ကြီး (၁၈၇၁-၁၉၅၅) ၁၅၀
၃၄။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ (၁၈၉၇-၁၉၄၇) ၁၅၅
၃၅။ သမိုင်းပညာရှင် ဒေါ်မြစိန် (၁၉၀၄-၁၉၈၈) ၁၆၁
၃၆။ မင်းကြီးကတော် ဒေါ်မြမေ (၁၈၅၆-၁၉၄၅) ၁၆၅
၃၇။ အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ် (၁၈၉၈-၁၉၄၇) ၁၇၀
၃၈။ ဘဏ်သူဌေး ဦးရဲကျော်သူ (၁၈၃၃-၁၉၁၀) ၁၇၆
၃၉။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင် (၁၉၁၈-၁၉၈၉) ၁၈၀
၄၀။ ဒေါက်တာ ရှောလူ (၁၈၃၉-၁၉၂၉) ၁၈၆
၄၁။ ယစ်မျိုးမင်းကြီး ဦးရွှေခံအောင် (၁၈၇၁-၁၉၃၂) ၁၉၀
၄၂။ ရော်ဘာသူဌေးကြီး ဦးရွှေလေး (၁၈၆၇-၁၉၃၁) ၁၉၄
၄၃။ ယာယီသမ္မတ စဝ်ရွှေသိုက် (၁၈၈၆-၁၉၆၂) ၁၉၈
၄၄။ နိုင်ငံတော်သမ္မတဟောင်း မန်းဝင်းမောင် (၁၉၁၆-၁၉၈၉) ၂၀၂
၄၅။ ပန်းကန်စက် ဦးသော် (၁၈၉၃-၁၉၈၀) ၂၀၆
၄၆။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်
(၁၉၀၉-၁၉၇၄) ၂၁၀
၄၇။ ကြီးပွားရေး ဦးသိန်း (၁၉၀၃-၁၉၉၁) ၂၁၄
၄၈။ စာရေးဆရာ နိုင်ငံရေးသမား သိန်းဖေမြင့် (၁၉၁၄-၁၉၇၈) ၂၁၉
၄၉။ ဂျပန်သံအမတ်ကြီး ဒေါက်တာသိန်းမောင် (၁၈၉၁-၁၉၄၆) ၂၂၆
၅၀။ စက်သူဌေး ဆာဦးသွင် (၁၈၇၈-၁၉၆၆) ၂၂၉


## အမှာစာ

Biography ခေါ် အတ္ထုပ္ပတ္တိကို အကျယ်ရေးသူနှင့် အကျဉ်းရေးသူဟူ၍ နှစ်မျိုးနှစ်စားရှိရာ မောင်ဇေယျာသည် ဒုတိယအမျိုးအစားတွင် ပါဝင်သူဟု ဆိုရပေမည်။ စိတ်ရှည်ရှည်ဖြင့် အချက်အလက်များ စုဆောင်း၍ တိကျမှန်ကန်စွာ ဖော်ပြရာတွင် ထင်ရှားသူဖြစ်၏။ ယခု ခြေတစ်လှမ်းတိုး၍ ဓာတ်ပုံအောက်တွင် ပုဂ္ဂိုလ်၏ အရေးပါပုံကို အတိုချုပ်ဖော်ပြလျက် သူ့ဘဝကို ရက်စွဲနေ့စွဲတို့ဖြင့် အသေးစိတ် ဖော်ပြထား၏။

ထင်ပေါ်သူများ၏ မွေးနေ့နှင့် သေနေ့အနက် ခေတ်ဟောင်းတွင် ဂုသချိုင်း၊ ခေတ်သစ်တွင် သတင်းစာတို့၏ကျေးဇူးဖြင့် မွေးနေ့ထက် သေနေ့ကို ရှာရ ပိုလွယ်၏။ **မောင်ဇေယျာ၏ မြန်မာလူကျော် ၁၀၀ (ပထမအုပ်)**ပါ ပုဂ္ဂိုလ် ၅၀ တို့၏သက်တမ်းမှာ ၈၀ နှင့်အထက် ၁၈ ယောက်၊ ၇၀ နှင့်အထက် ၁၅ ယောက်၊ ၆၀ နှင့်အထက် ၆ ယောက် ဖြစ်၏။ လုပ်ကြံခံရသူ ၅ ယောက်၊ လုပ်ကြံသူတစ်ယောက်၊ ကားတိုက်ခံရသူတစ်ယောက်ကို ပယ်လိုက်လျှင် အသက် ၆၀ မပြည့်ခင် နိုးရိုးသေဆုံးသူ ၄ ယောက်သာ ကျန်တော့၏။ ရှေးလူကြီးများ အနေအထိုင်မှန်ကန်၍ အသက်ရှည်သည်လား မသိပါ။

**မြန်မာလူကျော် ၁၀၀ (ပထမအုပ်)** ပါ ပုဂ္ဂိုလ် ၅၀ ကို မြန်မာ အက္ခရာစဉ်အလိုက် စဉ်ထားသည်ကို တွေ့ရပါသည်။ ဒုတိယအုပ်ထွက်ပြီးနောက် မြန်မာလူကျော် ၁၀၀ စလုံးကို မွေးနှစ်အလိုက် စဉ်ကြည့်ပါက အဓိပ္ပာယ် ကောက်စရာ အချက်အလက်အချို့ ထွက်ပေါ်လာမည်လား မသိပါ။

နိုင်မာသော အတ္ထုပ္ပတ္တိအကျဉ်းရေး အခြေခံအပေါ် မူတည်၍ မောင်ဇေယျာ၏ အသေးစိတ် အတ္ထုပ္ပတ္တိအကျယ်တို့ကို မျှော်မှန်းလျက် –

အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း

## ပညာမင်းကြီး ဦးကောင်း
(၁၉၀၄-၁၉၅၇)



လွတ်လပ်ရေးခေတ်ဦး မြန်မာ့ပညာရေးလောကတွင် ပညာမင်းကြီးအဖြစ် ထင်ရှားသည်။ ဦးကောင်း၏ ပညာရေး အယူအဆမှာ စာမေးပွဲအတွက်သာ ဦးစားပေးသော ပညာရေးမျိုး မဟုတ်ဘဲ အသိပညာ ကြွယ်ဝမှုနှင့် ဘက်စုံပညာ တတ်ကျွမ်းမှုကို အလေးထားသော ပညာရေးမျိုးဖြစ်သည်။ ထို့ပြင် ပညာသင်ကြားခြင်းသည် ကျောင်းနေစဉ်သာမဟုတ် ဘဝတစ်လျှောက်လုံးအတွက် ဖြစ်ရမည်ဟူသော အယူအဆနှင့် ခေတ်မီတိုးတက်သော ပညာရပ်အသီးသီးကို နိုင်ငံပေါင်းစုံမှ ရှာဖွေ၍ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရေး ဟူသော အယူအဆကို အခြေခံသည်။ အထူးသဖြင့် အခြေခံပညာကျောင်းများတွင် ပန်းချီသင်ခန်းစာ သင်ကြားပို့ချရေးကို အလေးပေး ဆောင်ရွက်ခဲ့သည်။ ဦးကောင်းသည် လွတ်လပ်ရေးခေတ်တွင် ပထမဦးဆုံး ဖွဲ့စည်းခဲ့သည့် မြန်မာသမိုင်းကော်မရှင်၏ ပထမဦးဆုံးသော ဥက္ကဋ္ဌဖြစ်၍ အုပ်ချုပ်ရေး စီမံခန့်ခွဲရေးတို့တွင် ထူးချွန်ထင်ရှားသည်။